
# မြန်မာနိုင်ငံရှိ မသန်စွမ်းဖြစ်ပွားမှု အခြေအနေ (၂၀၁၄ - ၂၀၁၉)

ဤအင်ဖိုဂရပ်ဖစ် သည် MIMU လေ့လာဆန်းစစ်မှုအကျဉ်း မြန်မာနိုင်ငံရှိ မသန်စွမ်းဖြစ်ပွားမှု အခြေအနေ (၂၀၁၄ - ၂၀၁၉) ကို အနှစ်ချုပ်ထားခြင်း ဖြစ်ပြီး themimu.info/disability-analysis တွင် ရရှိနိုင်ပါသည်။


## မြန်မာနိုင်ငံရှိ လူဦးရေ ၆ သန်းနီးပါးတွင် မသန်စွမ်းမှု တစ်ခု (သို့) တစ်ခုထက် ပို၍ ရှိနေပါသည်။

၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံရှိ မသန်စွမ်းဖြစ်ပွားမှုနှုန်းမှာ **၁၃ ရာခိုင်နှုန်း** ရှိပြီး (ဆိုလိုသည်မှာ လူဦးရေ **၅.၉ သန်း**နီးပါးဖြစ်ပြီး) ၅ နှစ်နှင့်အထက်ရှိသူများတွင် အနည်းဆုံး မသန်စွမ်းမှုတစ်မျိုး ရှိနေသည်





## မြန်မာနိုင်ငံ အနောက်ပိုင်းဒေသများနှင့် ကရင်ပြည်နယ်တို့သည် မသန်စွမ်းဖြစ်မှုအမြင့်ဆုံးအဆင့်တွင် ရှိကြသည်။

၂၀၁၉ ခုနှစ် တွင် မြန်မာနိုင်ငံ အနောက်ပိုင်းရှိ ပြည်နယ်/ တိုင်းဒေသကြီးများ (**ချင်း၊ ဧရာဝတီ၊ ရခိုင်နှင့် မကွေး**)နှင့် ကရင်ပြည်နယ်တို့သည် မသန်စွမ်းမှုရှိသူလူဦးရေရာခိုင်နှုန်းအများဆုံး ဖြစ်ပြီး အထူးသဖြင့် **ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး**တို့ တွင် တစ်နိုင်ငံလုံး၏**ပျမ်းမျှထက် သိသိသာသာ**များနေသည်။




## တစ်နိုင်ငံလုံးအတိုင်းအတာအရ အမျိုးသမီးများသည် အမျိုးသားများထက် မသန်စွမ်းဖြစ်မှုကို ပိုမိုခံစားရသည်။


မသန်စွမ်းဖြစ်ပွားမှု ရာခိုင်နှုန်း မှာ အမျိုးသမီးများ တွင် အနည်းငယ်သာ များနေသော်လည်း စုစုပေါင်း **မသန်စွမ်းအမျိုးသမီးဦးရေ**သည် မသန်စွမ်းအမျိုးသားများထက် **သိသိသာသာ ပိုများ**သည်။




ခန့်မှန်းမသန်စွမ်းလူဦးရေ ၂၀၁၉

## ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အခြေခံ အဆောက်အအုံများမရှိခြင်းနှင့် သက်ကြီးရွယ်အိုလူဦးရေ တိုးပွားလာခြင်းတို့သည် မသန်စွမ်းဖြစ်မှုနှုန်းမြင့်မားလာရခြင်း၏ အဓိကအကြောင်းရင်းဖြစ်သည်။


**ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာအခြေခံအဆောက်အအုံတွင် အားနည်းချက်များရှိနေခြင်း**သည် မြန်မာနိုင်ငံ၏ **လျှင်မြန်စွာတိုးပွားလာသော သက်ကြီးရွယ်အိုလူဦးရေ**အပေါ် အချိုးမညီမျှစွာ အကျိုးသက်ရောက်မှုဖြစ်စေသလို နိုင်ငံ၏မသန်စွမ်းဖြစ်ပွားမှုနှုန်းကို မြင့်တက်စေပြီး လူတစ်ဦးချင်းစီ၏ဘဝအရည်အသွေးကို လျော့ကျစေပါသည်။




## မသန်စွမ်းကလေးများသည် ပုံမှန်ပညာရေးစနစ်မှ ဖယ်ထုတ်ခံထားရနိုင်ချေ ပိုများသည်။

၂၀၁၉/၂၀၂၀ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျောင်းနေအရွယ်ကလေးငယ် **၆၀၀,၀၀၀** ခန့် **ကျောင်းဆက်မတက်ရသည့်**အကြောင်းအရင်း နှင့် အသက် ၃ နှစ်နှင့်အထက်ရှိသူ **၂၀၀,၀၀၀** ကျော်ခန့် **လုံးဝကျောင်းမတက်ဘူးရခြင်း**၏အကြောင်းရင်းများမှာ မကျန်းမာ၊ ထိခိုက်ဒဏ်ရာရှိ သို့မဟုတ် မသန်စွမ်းဖြစ်မှုကြောင့် ဖြစ်ရသည်။ မသန်စွမ်းကလေးများ အတွက်**ပိုမိုပါဝင်သောဝန်းကျင်**တစ်ရပ်ဖြစ်ပေါ်လာရေး ပိုမိုဖန်တီး အားစိုက်လုပ်ဆောင်ရန် လိုအပ်ကြောင်း ဖော်ပြနေသည်။

မကျန်းမာ၊ ထိခိုက်ဒဏ်ရာရရှိ သို့မဟုတ် မသန်စွမ်းဖြစ်မှုကြောင့် လက်ရှိစာသင်နှစ်တွင် ကျောင်းဆက်မတက်ရသော သို့မဟုတ် လုံးဝကျောင်းမတက်ဘူးသူ အသက် ၃ နှစ်နှင့်အထက်ရှိလူဦးရေ, ၂၀၁၉





## မသန်စွမ်းသူများသည် အလုပ်ခန့်အပ်ခံရမှုရှိနိုင်ချေ ပိုနည်းသည်။

၂၀၁၄ ခုနှစ်စာရင်းအရ အသက် ၁၅-၆၄ နှစ်အရွယ်ရှိ မသန်စွမ်းသူများ (အထူးသဖြင့် မသန်စွမ်းမှုအလယ်အလတ်အဆင့်နှင့် ပြင်းထန်အဆင့်ရှိသူများ)သည် **လုပ်သားထုအင်အားတွင်ပါဝင်မှု နည်းပါး**နေသည်။

**မသန်စွမ်းဖြစ်မှု** ဆိုသည်မှာ
မည်သည့်အမျိုးအစားမဆို မသန်စွမ်းမှုတစ်ခု သို့မဟုတ် တစ်ခုထက်ပိုရှိသောသူ ဦးရေကို ဆိုလိုသည်။

**မသန်စွမ်းဖြစ်ပွားမှုနှုန်း (သို့မဟုတ်) DPR** ဆိုသည်မှာ
မည်သည့်အမျိုးအစားမဆို မသန်စွမ်းမှုတစ်ခု သို့မဟုတ် တစ်ခုထက်ပိုရှိသော လူဦးရေ ရာခိုင်နှုန်းဖြစ်သည်။

လုပ်သားထုအင်အားတွင် မသန်စွမ်းသူများ၏ ပါဝင်နှုန်း ၂၀၁၄




အရင်းအမြစ် - လူဦးရေနှင့် သန်းခေါင်စာရင်း ၂၀၁၄ နှင့် ၂၀၁၉ ကြားဖြတ်သန်းခေါင်စာရင်းစစ်တမ်း

ဤထုတ်ကုန်သည် လက်ရှိ ရရှိနိုင်သည့် သတင်းအချက်အလက်အပေါ်အခြေခံပြီး အကိုးအကားဖြစ်စေရန် ရည်ရွယ်သည်။ MIMU ထုတ်ကုန်များတွင် ဖော်ပြထားသော နယ်နိမိတ်များ၊ အမည်များနှင့် သတ်မှတ်ချက်များသည် ကုလသမဂ္ဂမှ ဝေါဟာရများ၏ ထင်မြင်ယူဆချက်သို့မဟုတ် အတည်ပြုချက်ကို မဆိုလိုပါ။ MIMU ထုတ်ကုန်များသည် ရောင်းရန် မဟုတ်ဘဲ MIMU ဝက်ဆိုဒ် အသုံးပြုမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် သတ်မှတ်ချက်များ နှင့်အညီအခမဲ့ အသုံးပြုနိုင်သည်။ နောက်ဆုံးသတင်းအချက်အလက်များကို info.mimu@undp.org သို့ ပို့ပေးရန် မေတ္တာရပ်ခံအပ်ပါသည်။
မူပိုင်ခွင့် © မြန်မာသတင်းအချက်အလက်စီမံခန့်ခွဲမှုယူနစ် ၂၀၂၁